

ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ဆောင်းပါးများ၊ စာအုပ်များ၊ အများအပြား ထွက်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ဗိုလ်ချုပ်အောင်ဆန်းမှတ်ပုံသည် ကျွန်တော်တို့ နေ့စဉ်အလေးပြုရသော နေရာတွင် ချိတ်ဆွဲထားခြင်းခံရသည်။

ဖိုးသောကြာ(ခေတ်+မိုး)

မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့က သိမ်းပိုက်ကျွန်လုပ်ခဲ့သဖြင့် ယနေ့ မြန်မာတစ်နိုင်ငံလုံးအဝန်းအဝိုင်းအတွင်းရှိ ထိုအချိန်က ပြည်သူများ တစု တပေါင်းတည်း သူ့ကျွန်ဖြစ်သွားခဲ့ကြရသည်။ ထိုအဝဆိုးမှ လွတ်မြောက်၍ အချုပ်အခြာအာဏာကို ပြန်လည်ရရှိရန် ဦးဆောင်တိုက်ပွဲဝင် ပေးခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သူ့တပ်မတော်နှင့်၊ ပြည်သူတစ်ရပ်လုံးတို့ ဖြစ်သည်။

ဒေါက်တာတိုးလှ

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားများအပေါ် ချစ်ခင်သည်။ စစ်ရေးဖြင့် သိမ်းသွင်းသော မဟာဗျူဟာကို ရှောင်ရှားခဲ့သည်။ စည်းရုံးရေး မဟာဗျူဟာကို ကျင့်သုံးခဲ့သည်။ ကျည်ဆန်တစ်တောင့်မျှ မသုံးဘဲ စတုဌ္ဌ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် သိမ်းသွင်းနိုင်ခဲ့သည်။

ဒေါက်တာသက်လွင်

သူရဲကောင်းဗိုလ်ချုပ်သည် တိုင်းပြည်ကို ကယ်တင်ရာတွင် အသက်ကိုပင် စွန့်ခဲ့သူဖြစ်သည်။ ဤလိုပုဂ္ဂိုလ်မျိုးအကြောင်းကို နောင်လာနောက်သားများအား လက်ဆင့်ကမ်း အသိပေးချင်သည့် စေတနာတစ်ခုသာလျှင် ဖြစ်ပါသည်။

သိန်းအေး

## မာတိကာ


| | |
|---|---|
| သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး) အမှာစာ | ၁၃ |
| ဒေါက်တာတိုးလှ၏ အမှာစာ | ၁၈ |
| ဒေါက်တာသက်လွင်၏ အမှာစာ | ၂၁ |
| စာရေးသူ၏ ဝန်ခံစကား | ၂၅ |
| ဗိုလ်ချုပ်အောင်ဆန်း | ၃၅ |
| ဖေဖော်ဝါရီလ ၁၃ ရက်မွေးနေ့ရှင် ဗိုလ်ချုပ်နှင့်ဗေဒင်ပညာ | ၅၅ |
| လူငယ်ဘဝကကိုအောင်ဆန်း | ၆၃ |
| တပ်တော်ဦးဆီ . . . မျှော်လိုက်ပြန်တော့ | ၆၉ |
| ဗိုလ်ချုပ်နှင့်တပ်မတော် | ၈၉ |
| ဗိုလ်ချုပ်နှင့်ဘူရှီဒို | ၉၇ |
| ဗိုလ်ချုပ်နှင့်ညီမြ | ၁၀၃ |
| ဗိုလ်ချုပ်နှင့်ဦးသန့် | ၁၁၁ |
| ဗိုလ်ချုပ်နှင့် သခင်ကိုယ်တော်မှိုင်း | ၁၂၁ |
| ဗိုလ်ချုပ်နှင့်မေဒေး | ၁၃၃ |
| ဗမာ့လွတ်လပ်ရေးအရေးတော်ပုံနှင့်ဗိုလ်ချုပ်အောင်ဆန်း | ၁၃၉ |
| ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု | ၁၄၉ |
| လန်ဒန်ခရီးစဉ်မှတ်တမ်း | |
| ဗိုလ်ချုပ်နှင့်လွတ်လပ်ရေး | ၁၅၇ |
| ဗိုလ်ချုပ်နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခရီး | ၁၆၇ |
| ဗိုလ်ချုပ်နှင့်ပင်လုံ | ၁၇၅ |
| ပင်လုံရှုခင်း ပင်လုံမြင်ကွင်း | ၁၈၅ |
| ၄၇ ရွေးကောက်ပွဲကာလက ဗိုလ်ချုပ်တို့ မဲဆွယ်စည်းရုံးခဲ့ပုံ | ၁၈၉ |
| ရာဇဝင်အရေးခံမယ့်လူ | ၁၉၅ |
| ဗိုလ်ချုပ်နှင့်ရွေးကောက်ပွဲပြီးစ မြန်မာပြည် | ၂၀၁ |
| လွှတ်တော်အမတ်ဦးအောင်ဆန်း | ၂၀၇ |
| ဗိုလ်ချုပ်နှင့်နေရှူး | ၂၁၅ |
| ဗိုလ်ချုပ်ပြောတဲ့ ဟာသရုပ်ရှင်များအပေါ် အမြင် | ၂၂၃ |
| ဗိုလ်ချုပ်နှင့်ရုပ်ရှင် | ၂၃၁ |
| ဗိုလ်ချုပ်နှင့်တောင်သူလယ်သမားများ | ၂၃၉ |
| ဗိုလ်ချုပ်နှင့်တောင်သူလယ်သမားညီလာခံ | ၂၄၅ |
| အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း | ၂၅၂ |
| ဗိုလ်ချုပ်အောင်ဆန်း | ၂၅၃ |
| သခင်မြ | ၂၅၉ |
| မိုင်းပွန်စော်ဘွားစဝ်စံထွန်း | ၂၆၅ |
| မန်းဘခိုင် | ၂၆၇ |
| ဦးဘချို | ၂၆၈ |
| ဦးရာဇတ် | ၂၇၀ |
| ဦးဘဝင်း | ၂၇၂ |
| ဦးအုန်းမောင် | ၂၇၄ |
| ရဲဘော်ကိုထွေး | ၂၇၅ |
| -ကျမ်းကိုးစာရင်း | ၂၇၆ |




## လွတ်လပ်ရေးဆိုတာ

တချို့ကလည်းပဲ ဟာ. . လွတ်လပ်ရေးရပြီဆိုပြီးတော့ ဘာလုပ်ချင်သလဲ ဆိုတော့ ကျွန်တော် အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ် မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာ သွားတဲ့ လမ်းမပေါ် မှာ ထွက်ပြီး ဆေးတွေ လှန်းတယ်။ အဲဒီတော့ လမ်းသွား လမ်းလာလုပ်တဲ့လူတွေ အတော်ဂွကျတယ်။ အဲဒါဟာ လွတ်လပ်ရေး မဟုတ် ဘူး။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က မြို့တော်ခန်းမတွင် ကျင်းပ သော လူထုအစည်းအဝေးကြီး၌ပြောကြားခဲ့သော မိန့်ခွန်း